ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
Presidentoffice@nugmyanmar.org

# အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ပြောကြားသော ၇၄ နှစ်မြောက် လွတ်လပ်ရေးနေ့ မိန့်ခွန်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်

ချစ်ခင်လေးစားရပါသော နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရဲ့ (၇၄) နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယမှာ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသား ပြည်သူများကို အခုလို နှုတ်ခွန်းဆက်သ အမှာစကား ပြောခွင့်ရတဲ့အတွက် အထူးဂုဏ်ယူကြောင်း ပြောလိုပါတယ်။

တိုင်းတစ်ပါးကျွန်ဘဝက လွတ်မြောက်ခဲ့တာ အနှစ် (၇၀) ကျော်ပြီဖြစ်ပေမယ့် အခုအချိန်မှာ တိုင်းရင်းသားပြည်သူအားလုံး စစ်ကျွန်ဘဝကျရောက်နေပြီး စစ်အာဏာရှင်တွေရဲ့ အကြမ်းဖက်ဖိနှိပ်မှုဒဏ်ကို အပြင်းအထန် ခံစားနေကြရတာကတော့ အားလုံးအတွက် ဝမ်းနည်းစရာဖြစ်ပါတယ်။

နိုင်ငံဟာ အချုပ်အခြာအရ လွတ်လပ်သောနိုင်ငံတခုအဖြစ် ရပ်တည်ခဲ့ပေမယ့်အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်တွေဖြစ်တဲ့ တိုင်းရင်းသား ပြည်သူလူထုအပေါင်းရဲ့ လွတ်လပ်ရေး ကတော့ စစ်အာဏာသိမ်းမှုတွေအောက်မှာ ပျောက်ဆုံးနေရဆဲ၊ ရုန်းကန်နေရဆဲဖြစ်ပါတယ်။

တစ်ချိန်က လွတ်လပ်ရေး ဗိသုကာများရဲ့ မျှော်ရည်ချက်၊ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံ တည်ဆောက်ရေး နှုန်းစံတန်ဖိုးများဟာ လွတ်လပ်ရေးကြေညာစာတမ်းမှာ ထင်ဟပ်နေခဲ့ပါတယ်။

**"ငါတို့နိုင်ငံတော်ကြီးသည် မည်သူ တဦးတယောက် တဖွဲ့တသင်း၏ အမွေအနှစ်မဟုတ်၊ မည်သူ တဦးတယောက် တဖွဲ့တသင်း၏ ပုဂ္ဂလိကအပိုင် ပစ္စည်းမဟုတ်၊ မည်သူတဦးတယောက် တဖွဲ့တသင်းက ချုပ်ကိုင်အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်"** လို့ လွတ်လပ်ရေးကြေညာစာတမ်း အပိုဒ် (၅) မှာ အတိအလင်း ဖော်ပြထားပါတယ်။

သို့ပေမယ့် မြန်မာစစ်အုပ်စုဟာ လွတ်လပ်ရေး ကြေညာစာတမ်းပါ လွတ်လပ်ရေးရဲ့ အနှစ်သာရ စံတန်ဖိုးများနှင့် (ဖြောင့်ဖြောင့်ကြီး) ဆန့်ကျင်ပြီး နိုင်ငံကို ၎င်းတို့ တစ်ဖွဲ့တစ်သင်းရဲ့

ပုဂ္ဂလိက အပိုင်ပစ္စည်းသဖွယ် ချုပ်ကိုင် အပိုင်သိမ်းယူ အကျိုးခံစားနေကြခြင်းအားဖြင့် တိုင်းပြည်ကို စစ်ကျွန်ဘဝမှာ နစ်မွန်းစေခဲ့ပါတယ်။

တိုင်းနိုင်ငံအတွင်း မီးတင်းနေထိုင်ကြတဲ့ အချုပ်အခြာရဲ့ မူလပိုင်ရှင် ပြည်သူအပေါင်းရဲ့ လွတ်လပ်ခွင့်များ ဆုံးရှုံးနေသ၍ တိုင်းပြည် လွတ်လပ်ပြီလို့ ဆိုနိုင်မယ် မဟုတ်ပါ။

နှစ်ပေါင်း (၆၀) အတွင်း လေးကြိမ်တိတိ အာဏာသိမ်းယူ ဗိုလ်ကျ စိုးမိုးခဲ့ခြင်းအားဖြင့် စစ်အုပ်စုဟာ သူတို့ရဲ့ အကြမ်းဖက် ဖက်ဆစ်သရုပ်ကို ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှုကတော့ သမိုင်းတလျှောက် အရုပ်ဆိုး အကျည်းတန်ဆုံး ဖြစ်ပြီး၊ နေ့စဥ်နဲ့အမျှ လူမဆန်တဲ့ နည်းပေါင်းစုံနဲ့ ပြည်သူကို အကြမ်းဖက် နှိပ်စက်သတ်ဖြတ်ကာ စစ်ရာဇဝတ်မှုများ ဆက်တိုက် ကျူးလွန်နေတယ်ဆိုတာကတော့ ပြည်သူများကော နိုင်ငံတကာကပါ သိရှိပြီး ဖြစ်ပါတယ်။ အကြမ်းဖက်စစ်တပ်ဟာလည်း "**တပ်မတော်**"ဆိုတဲ့ အမည်နာမကို ခံယူရန် ထိုက်တန်ခြင်း မရှိတော့ဘဲ **"ပြည်သူ့ရန်သူ အကြမ်းဖက်သမားများ"** အဖြစ် လျော့ကျ သက်ဆင်း သွားခဲ့ပြီလည်း ဖြစ်ပါတယ်။

ဒီအချိန်မှာ တိုင်းရင်းသားပြည်သူတွေအနေနဲ့ ရွေးချယ်စရာ တစ်လမ်းပဲ ရှိပါတယ်။ ဒါကတော့ ပြည်သူအားလုံးနည်းမျိုးစုံနဲ့ ပါဝင်ဆင်နွဲလျက်ရှိတဲ့ ပြည်သူ့ခုခံတွန်းလှန်စစ်ကို ဆင်နွှဲပြီး စစ်အာဏာရှင် စနစ်ကိုအကြွင်းမဲ့ ဖယ်ရှားပစ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ဒုတိယလွတ်လပ်ရေး တိုက်ပွဲကို ဆင်နွှဲခြင်းလည်း မည်ပါတယ်။

ပြီးခဲ့တဲ့ နှစ်သစ်ကူးရက်က "ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစမယ့်အကြောင်း၊ သက်ဆိုင်သူ အဖွဲ့အစည်း အားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကြောင်း" အကြမ်းဖက်စစ်ခေါင်းဆောင်က ပြောတယ်ဆိုတဲ့ သတင်း တစ်ပုဒ်တွေ့ရပါတယ်။

တကယ်တော့ စစ်အာဏာသိမ်းမှုဟာ နိုင်ငံရဲ့ ငြိမ်းချမ်းရေး မျှော်လင့်ချက်ကို ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တာပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိုလည်း ဖျက်ဆီး၊ တိုင်းပြည် အနာဂတ်ကိုလည်း ဖျက်ဆီးထားတဲ့ စစ်အုပ်စုဟာ နိုင်ငံရေး၊ စစ်ရေး၊ နိုင်ငံတကာအရေး - အဖက်ဖက်မှာ အရေးနိမ့်နေပြီ ဆိုမှ အခုလို တွေ့ဆုံဆွေးနွေးဖို့ သတင်း ထုတ်လွှင့်တယ်ဆိုတော့ နိုင်ငံရေးထွက်ပေါက်ရှာဖို့၊ အချိန်ဆွဲဖို့၊ နိုင်ငံတကာကို လှည့်ဖျားဖို့၊ တော်လှန်ရေးအင်အားစုများ အကြား အာရုံထွေပြား ဝေဝါးစေဖို့ ရည်ရွယ်ချက်က လွဲလို့ တခြားအကြောင်း မရှိပါဘူး။ ထို့အတူ စစ်ကောင်စီက ၂၀၂၃ မှာ ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ပြန်လည်ဆွဲဆောင်ဖျားယောင်းနေတာဖြစ်ပါတယ်။ စစ်အုပ်စုက ဦးဆောင်မယ့် ရွေးကောက်ပွဲဟာ ပြည်သူလူထုရဲ့ ဆန္ဒကို ထင်ဟပ်စေမှာ မဟုတ်သလို မျှတတဲ့ ရွေးကောက်ပွဲလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။ ဘယ်တုန်းကမှ မှုမမှန်တဲ့ စစ်အုပ်စုကို ယုံစားခြင်းဟာ ပြည်သူ့တော်လှန်ရေးခြေလှမ်းကို တွန့်ဆုတ်စေရုံပဲ အဖတ်တင်မှာ ဖြစ်ပါတယ်။

တကယ်တော့ ပြည်သူ့သွေးစွန်းနေတဲ့ စစ်ရာဇဝတ်ကောင်တွေဆိုတာ နိုင်ငံရေး စားပွဲဝိုင်းကို ပို့ရမှာ မဟုတ်ပါဘူး၊ သူတို့ကို ပို့ရမယ့်နေရာက ပြည်တွင်း ပြည်ပ ရာဇဝတ်ခုံရုံးများပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ အကြမ်းဖက်စစ်အုပ်စုရဲ့ လက်အောက်ခံဖြစ်နေပေမယ့် စစ်အုပ်စုရဲ့အကြမ်းဖက်မှု များ ကို စက်ဆုပ်တဲ့ သူတွေ၊ စစ်တပ်ဟာ နိုင်ငံနဲ့ ပြည်သူကို ကာကွယ်စောင့်ရှောက်ဖို့မှတစ်ပါး နိုင်ငံရေးမှာ ဝင်ပတ်သက်စရာ မလိုဘူးလို့ နားလည်ခံယူတဲ့ တပ်မှူး တပ်သားများကိုတော့ အမျိုးသားညီညွတ်ရေးအစိုးရက အစဉ် ရင်ဖွင့်ကြိုဆိုနေမှာ ဖြစ်ပါတယ်။

အခုဆိုရင် စစ်မှန်တဲ့ ဖက်ဒရယ်နဲ့ ဒီမိုကရေစီစနစ်ကို လိုလားတဲ့ နိုင်ငံရေးအင်အားစုများ စုဆုံရာ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေး လမ်းပြမြေပုံ ပါဝင်တဲ့ "**ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်**"ကို ဆွေးနွေးညှိနှိုင်း သဘောတူပြီးလည်း ဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ ဆိုရင်လည်း ဒီပဋိညာဉ်ကို အလေးအနက် ခံယူကျင့်သုံးရင်း နိုင်ငံရေးလမ်းပြမြေပုံအတိုင်း မဆုတ်မနစ် ချီတက်အကောင် အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

အခုအချိန်မှာ အရေးအကြီးဆုံးက စစ်အာဏာရှင်စနစ် အကြွင်းမဲ့ ပျက်သုန်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရေး အခြေခံပေါ်မှာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များ အပါအဝင် နိုင်ငံရေးအင်အားစုအားလုံး အမျိုးသားညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ပြီး ပြည်သူ့တော်လှန်ရေးမှာ ပူးပေါင်းပါဝင်ကြဖို့ပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁၁)လ အတွင်း အသက်ပေါင်း များစွာ ဘဝပေါင်းများစွာ စွန့်လွှတ်အနစ်နာခံ ဆင်နွှဲလာခဲ့တဲ့ ဒီတော်လှန် ရေး ဟာ ၂၀၂၂ ခုနှစ် အတွင်း အလှည့်အပြောင်းကာလ ရောက်ရှိပြီး ပြည်သူ့အောင်ပွဲများကို တစ်ဆင့်တက်ရယူနိုင်လိမ့်မယ် ဆိုတာ မြေကြီးလက်ခတ် မလွဲပါဘူး။

နိဂုံးချုပ်အားဖြင့် လွတ်လပ်ရေးကြေညာစာတမ်းမှာ ဖော်ပြထားခဲ့တဲ့ "**ယနေ့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဤအချိန်မှစ၍ ငါတို့၏ မူလအပိုင်ဖြစ်သော လုံးဝလွတ်လပ်ရေး ငါတို့ ပြန်၍ ယူပြီ၊ တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့်အရေးအဆင့်အတန်း တူညီသည့် ပြည်ထောင်စု သမ္မတနိုင်ငံတော်ကြီးကို တည်ထောင်ပြီ**"လို့ အမိဋ္ဌာန်ပြုချက်အတိုင်း စစ်ကျွန်ဘဝမှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာ၏ မူလပိုင်ရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ရဲ့ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု စတဲ့ ဖြူစင်တဲ့ဝါဒကို ပြန်လည်ဆောင်ကျဉ်းနိုင်သည် အထိ ဦးလည်မသုဉ် ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**အရေးတော်ပုံ အောင်ရမည်။**

********************